သိန်းမင်းစာပေ

# စန္ဒာဝင်းထွန်း

# အသည်းကွဲညမှ ... မိုင်ခြောက်ရာ

(လုံးချင်းဝတ္ထုသစ်)



# အသည်းကွဲညမှာ မိုင်ခြောက်ရာ
စန္ဒာဝင်းထွန်း

*

ကျွန်တော့် ဘဝထဲမှနေ၍ "မြလေးငယ်" ထွက်ခွာသည့် အချိန်ကို ရောက်တော့မှ သူမ၏ တန်ဖိုးကို ကျွန်တော် ကောင်းကောင်း ဖြတ်တတ်နိုင်ခဲ့ပါသည်။

တကယ်တော့ မြလေးငယ်သည် ကျွန်တော့်အတွက် ထိုက်တန်သည့် မိန်းမတစ်ယောက် မဟုတ်ခဲ့ပါ။

ကျွန်တော် သူမကို တကယ်ချစ်ခဲ့၊ တကယ် မြတ်နိုးခဲ့မိကြောင်း ကိုတော့ ဝန်ခံရပါလိမ့်မည်။

***

## အခန်း (၁)

*

ကားကို နောက်ဆုတ် လမ်းပေါ်ပြန်တက်လိုက်သည့် အချိန်မှာပင် လမ်း

အလယ်ကိုတောင် ကျော်နေသည့် ကျွန်တော့်ကား၏ နောက်မြီးနားမှ ကပ်၍ ဆိုင်ကယ်တစ်စီးက ဝူးခနဲ ဖြတ်မောင်းသွားသည်။

"ရဲလိုက်တဲ့ကောင်ကွာ"

ဟု ခပ်တိုးတိုး ရေရွတ်ရင်း ဆိုင်ကယ်သမားကို ကြည့်လိုက်တော့ ခါး လယ်ရောက်အောင် ရှည်သည့် ဆံပင်စင်းစင်းများ လွင့်ပျံ့နေသည့် ကောင်မလေး တစ်ယောက်ကို တွေ့ရသည်။

"ဟော့... ကောင်မလေးပဲ"

ဟု ပြောလိုက်မိတော့ ကျွန်တော့်နံဘေးတွင် ထိုင်နေသည့် ထင်အောင် တဟားဟား ရယ်သည်။

"အေး... အဲဒါ မြလေးငယ် ဆိုတာပဲ၊ ဒီမြို့မှာတော့ စူပါ စတားပေါ့ကွာ"

"တော်တော်လှသလား ဟေ့ကောင်"

"စောစောက မင်းမမြင်ဘူးလား"

"သဲသဲကွဲကွဲ မမြင်ရလိုက်ဖူးကွ၊ ဒါပေမဲ့ ရိပ်ခနဲ မြင်လိုက်ရတာတောင် ရင်ခုန်စရာ ကောင်းတာကတော့ အမှန်ပဲ"

ကျွန်တော့်စကားကို ထင်အောင်က စောစောကထက် ပိုကျယ်အောင် ရယ်၍တုံ့ပြန်သည်။

"စိတ်ချ မင်း ဒီထက်ပိုပြီး ရင်ခုန်ရစေမယ်"

"မင်း စကားကြီးက ဘာလဲကွ"

"အေး... ဘာလဲဆိုတာ နောက်တော့ သိရမှာပေါ့ကွာ"

ထင်အောင့်လေသံနှင့် မျက်နှာပေးကို ကျွန်တော်က နည်းနည်းကလေးမှ နားမလည်နိုင် သော်လည်း ကျွန်တော်တို့နှစ်ယောက် ပြောဖြစ်သည့် မြလေး ငယ်၏ အကြောင်းကတော့ ထိုမျှလောက်နှင့်ပင် ရပ်တန့်သွားသည်၊ မ

ရပ်တန့်နိုင်တာက ကျွန်တော့် အတွေးတွေ....

သချာတာကတော့ ရိပ်ခနဲ တွေ့လိုက်ရသည့် မြလေးငယ်ကို ကျွန်တော် စိတ်ဝင်စားမိသွားခြင်းပင် ဖြစ်သည်။

***

အခန်း ( ၂)

*

"မင်း အဆင်ပြေရဲ့လား ဝဏ္ဏ"

ရှည်ရှည်လျားလျား အပျင်းဆန့်ရင်း ဗလုံးဗထွေး အသံနှင့် ကျွန်တော် ဖြေလိုက်သည်။

"ပြေပါတယ်ကွာ၊ ဒါပေမဲ့ ပျင်းတယ်"

"အေးလေ ပျင်းမှာပေါ့၊ မင်းနေရတာက မြို့နဲ့ကလဲဝေး တောနဲ့ကလဲကွာဆိုသလို နေရာမျိုးကြီးဥစ္စာ ကားရှိနေတာပဲကွာ၊ မြို့ထဲထွက်လည်ပေါ့"

"မလည်ချင်ပါဘူးကွာ၊ အဖော်မရှိ ဘာမရှိနဲ့ မင်းကို ဝင်ခေါ်ဖို့ကျတော့လဲ မင်းရဲ့ဆေးခန်းက အမြဲစေ လူနာနဲ့ ပြည့်နေတာဆိုတော့ အားနာတယ်"

"အေးကွာ ဒီမြို့ကို ငါက အရင်ရောက်တဲ့လူ ဖြစ်ပြီး မင်းအပေါ် ဧည့်ဝတ်မကျေနိုင်ဘူး ဖြစ်နေတယ်"

မြေတူးမြေဖို့နေသည့် စက်များ၊ မြေညှိနေသည့် စက်များကို လိုက်ကြည့်ရင်း၊ ကျွန်တော်က ရယ်ခဲ့သည်၊ သူ တစ်ဖက်သားအပေါ် ဘယ်တုန်းကမှ အားမနာတတ်ခဲ့သည့် ထင်အောင်က လူလူသူသူ စကားတွေ ဘာတွေပြောလို့။

"ဘာရယ်တာလဲ ကို"

ကျွန်တော့်လက်မောင်းကို ခပ်ဆတ်ဆတ် တစ်ချက် ထိုးလိုက်တော့ ကျွန်တော် ဝတ်ဆင်ထားသည့် အပြာရောင်ယူနီဖောင်းထဲမှ ဖုန်မှုန့်တွေ

ခုန်ပျံထွက်ကုန်သည်။

"မင်းပါးစပ်က အားနာပါးနာ စကားတွေ၊ ဘာတွေ ပြောတတ်လာလို့ ရယ်တာ ထင်အောင်"

ထင်အောင့်မျက်နှာက နီရဲသွားသည်။

"မင်းပြောနေသလောက်ကြီးလဲ မဆိုးသေးပါဘူးကွာ အခုဆို အသက်တွေ ဘာတွေလဲ ကြီးလာပြီဆိုတော့ ငယ်တုန်းကလိုနေလို့ ဘယ်ဖြစ်မလဲ မှုတ်ဘူးလား"

ထင်အောင့်စကားကို နားထောင်ရင်း ငယ်တုန်းက (ကိုးတန်းဆယ်တန်း တုန်းက) ကျွန်တော်တို့ တစ်အုပ်က အတူတူ စုနေလာကြကာကို သွား သတိရမိသည်၊ အဲဒီတုန်းက အာခေါင်ကွဲအောင် စာအော်ကျက်တတ်သည့် ထင်အောင်ကြောင့် ကျွန်တော်တို့ ဒုက္ခရောက်ခဲ့ရသည်၊ စာကျက်ပျက်ခဲ့ရ သည်။ သို့သော် အားမနာတတ်သည့် ထင်အောင်ကတော့ သူ့အသံကို မ လျှော့ခဲ့ပါ၊ ကျွန်တော်တို့မှာသာ နားထဲဂွမ်းဆို့၍ စာကျက်ခဲ့ရသည်။ အဲဒီ လောက် အားမနာတတ်တဲ့ကောင်။

ဆယ်တန်းအောင်တော့ အားလုံးက ဆေးတက္ကသိုလ် သွားကြသည်။

ဆရာဝန်လုပ်ဖို့ ဘယ်လိုမှ စိတ်မပါသည့် ကျွန်တော် တစ်ယောက်တည်း သာ စက်မှုတက္ကသိုလ်သို့ သွားတက်ခဲ့သည်၊ အခုတော့ ထင်အောင်က အိုပီ ကောင်းသော ဆရာဝန် တစ်ယောက်အဖြစ် ဒီမြို့တွင် ရပ်တည်နေပြီး၊ ကျွန်တော်က လေယာဉ်ကွင်း တိုးချဲ့စီမံကိန်း၏ လက်ထောက် အင်ဂျင်နီယာအဖြစ် ဒီမြို့ကို ရောက်လာခဲ့ခြင်း ဖြစ်သည်။

"ဟေ့ကောင် အတွေးပန်းချီ လုပ်မနေနဲ့၊ ရေမိုးချိုး၊ အဝတ်အစား လဲပြီး ရင် မင်းနဲ့ငါ မြို့ထဲမှာ ထမင်း ထွက်စားမယ်၊ ယိုးဒယား ထမင်းဟင်းတွေ

ချည်း ရောင်းတဲ့ဆိုင်ကွာ တကယ်ကောင်းတယ်"

"ကျွတ်... မင်းက လာခေါ်တာနဲ့ ငါက ချက်ချင်း ထလိုက်ရအောင်၊ ဒါ ငါ့ အမေအိမ် မဟုတ်ဘူး ထင်အောင်၊ လုပ်ငန်းခွင်ကွ မင်းလို ကိုယ်ပိုင် ဆေးခန်း ဖွင့်ချင်တဲ့အချိန် ဖွင့်မယ်၊ ပိတ်ချင်တဲ့အချိန် ပိတ်မယ်လို့လဲ လုပ် လို့မရဘူး၊ ဆန္ဒရှိရင် ထိုင်စောင့် ကိုယ့်လူ ငါ့ဂျူတီထွက်ဖို့ တစ်နာရီနဲ့ ငါး မိနစ် လိုသေးတယ်"

"အေးပေါ့ကွာ၊ မြို့ထဲကနေ ခုနစ်မိုင် ရှစ်မိုင်အထိ ရောက်အောင် ဝင်လာခဲ့ ပြီးမှတော့ စောင့်ရုံပဲ ရှိတော့တာပေါ့"

ညည်းညည်းညူညူ ပြောရင်း ခနိပင်များ ခရာတောများ၏ နောက်ရှိ တဲ ရှည်ကြီးထဲတွင် ထင်အောင်က သွားထိုင်သည်။

အမှန်အတိုင်း ပြောရလျှင် ထင်အောင်နှင့် ယိုးဒယားထမင်းဟင်း သွား စားဖို့ကို ကျွန်ကော် တကယ် စိတ်မပါလှပါ၊ ထို့ကြောင့်လဲ လိုအပ်တာထက် ပိုကြာအောင် ကျွန်တော်က အိလေးဆွဲ၍ ပြင်ဆင်ကာ ထင်အောင့်ကို အားမ နာတမ်း ညှဉ်းဆဲ၍ စောင့်ဆိုင်းခိုင်းခြင်းပင် ဖြစ်သည်။

"ကဲ သူများတကာအပေါ် အားမနာတတ်တဲ့ ကောင် မှတ်ထား"

ဟု စိတ်ထဲမှ ကြုံးဝါးကျေနပ်နေမိသော်လည်း ထွက်လာခါနီး ထင်အောင် ပြောလိုက်သည့် စကားတစ်ခွန်း ကိုနားထောင်မိအပြီးမှာ ကျွန်တော် တကယ်ကြွေသွားရသည်။

"မင်း နောက်ကျပုံနဲ့ အခုချိန်လောက်ဆို မြလေးငယ်တို့ဆိုင်မှာ ဘာမှ ကျန်တော့မှာ မဟုတ်ဘူးတဲ့"

စောစောကသာ မြလေးငယ်ဆိုသော နာမည်ကို ကြားမိလိုက်လျှင် ကျွန်တော်က ဂျူတီချိန်မှတစ်ခု ရှိလောက် တောင်းတောင်းပန်ပန်နှင့် ထွက်

ကောင်း ထွက်နိုင်သော်လည်း အခုတော့ ဘာမှမတတ်နိုင်ခဲ့ပါ၊ ပါးနပ်သည့် ထင်အောင်က ကျွန်တော့်ကို ကြည့်၍ ရယ်သည်။

ကျွန်တော်ကတော့ ခပ်ထုံထုံပုံစံဖြင့် မသိသလို နေပစ်လိုက်သည်။

"မင်း ကားယူမလာနဲ့ ဝဏ္ဏာ... ငါ့ဆိုင်ကယ်နဲ့ပဲ လိုက်ခဲ့၊ အပြန် မင်းကို ငါ ပြန်ပို့ပေးမယ်၊ မဟုတ်ရင် ကားတစ်စီး ဆိုင်ကယ်တစ်စီးစီနဲ့ ပျင်းစရာကြီး ကွာ"

ပထမတုန်းက ထင်အောင် ပြောသလိုမျိုးပင် ကျွန်တော်က စဉ်းစားထားမိသော်လည်း မြလေးငယ်တို့ ဆိုင်ဆိုသော စကားကြောင့်ပင် ကျွန်တော်က ကားယူသွားဖို့ကို ဆုံးဖြတ်လိုက်မိသည်။

ကျွန်တော့် ရည်ရွယ်ချက်က သူမ ကျွန်တော့်ကို ကောင်းစွာ သတိထားမိသွားဖို့ပဲ ဖြစ်သည်။

သို့သော် မြလေးငယ်၏ သတိပြုခြင်းကို ခံရဖို့အရေးသည် ကျွန်တော် ထင်ထားတာထက် အဆပေါင်းများစွာ ပိုမို၍ လွယ်ကူပါသည်။

***

# အခန်း (၃)

*

ဆိုင်ကယ်တွေ အတော်များများ ရပ်ထားသည့် ဆိုင်တစ်ဆိုင်ရှေ့တွင် ထင်အောင် ဆိုင်ကယ်ကို ရပ်သည်၊ သူ့ဆိုင်ကယ် နံဘေး၌ ကျွန်တော့်ကားကိုပါ ရပ်လိုက်ရင်း မြလေးငယ်၏ ပရိသတ် ဘယ်လောက်ရှိမည်ကို ကျွန်တော်က စိတ်မှန်းဖြင့် တွက်ကြည့်မိသည်။

ကားပေါ်မှ ဆင်းဆင်းချင်း ထင်အောင် ပြောလိုက်သည့်စကားက ကျွန်တော့်ကို ပို၍ကျုံ့သွားစေ၏။

"လူတောင် အရမ်းရှင်းနေပြီ စားစရာတွေတော့ ကုန်ပါဦးတော့မလား" တဲ့။

"မင်းတော့မသိဘူး ထင်အောင် ငါတော့ ဗိုက်အရမ်းဆာနေပြီ"

ကျွန်တော့်စကားကို နားမထောင်သည့် ထင်အောင့်မျက်နှာက ပြုံးစိစိ။

"အေး... အခုတော့ ဗိုက်ဆာ ခဏနေ အချစ်ပါ ဆာမသွားအောင် မင်းသတိထား"

"ဘာလဲကွ မင်းဥစ္စာ"

ထင်အောင်က ဘာမှပြန်မပြောပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နှစ်ယောက်စလုံး ဆိုင်ထဲသို့ ဝင်မိနေပြီဖြစ်သည့် အတွက်ကြောင့်ပဲ ဖြစ်သည်။

"ဟာ ဆရာ ထမင်းလာစားတာလား"

"ဆရာ နောက်ကျတယ်"

ထင်အောင်ကို ကောင်လေးတွေ တချို့ လူကြီးဝိုင်းတွေက ဝိုင်းနှုတ်ဆက်၏။ ကျွန်တော်က မျက်စိဝေ့ဝဲရင်း (ကျွန်တော်ကိုယ်တိုင် ရိပ်ခနဲသာ မြင်ဖူးသေးသည့်) မြလေးငယ်ကို ရှာဖွေ ကြည့်ဖြစ်သည်၊ ဆံပင်ရှည်ရှည် ဆိုလို့တောင် တစ်ယောက်မှမရှိ စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်ပြီး ထင်အောင်က စားစရာမှာသည်။

ကျွန်တော်ကတော့ မြလေးငယ်ဟု ထင်ရသည့် ကောင်မလေးတစ်ယောက်ယောက်ကို ရှာဖွေသည်၊ မတွေ့... မအောင့်နိုင်သည့်အဆုံး ထင့်အောင်ကို တိုးတိုးကပ်၍ မေးမိသည်။

"မင်းပြောတော့ မြလေးငယ်ဆိုင်ဆို... ကဲ... ဘယ်မှာလဲ မြလေးငယ်"

"မင်းကို ငါပြောမိလို့လား"

"ဟော့ကောင် ... အူကြောင်ကြောင် မလုပ်နဲ့ မင်းရဲ့ ဟောဒီပါးစပ်ကြီးနဲ့ကို ပြောတာ"

"ဟာ... အဲဒါ ငါ့ဘာသာငါ ပြောတာလေကွာ၊ မင်းကို ပြောတာမှ မဟုတ်တာ"

"အေး... ဒါပေမဲ့ ငါကြားတယ်ကွ"

ထင်အောင်နှင့် တစ်ယောက်တစ်ပေါက် ပြောနေဆဲမှာပင် ကျွန်တော့်မျက်ဝန်းထောင့်ထဲသို့ တော်တော်လှသည့် အရိပ်ကလေး တစ်ရိပ် ဝင်လာသည်။

ဆံပင်ရှည်ရှည်၊ အရပ်မြင့်မြင့်၊ အသားဝါဝင်းဝင်း၊ ခန္ဓာကိုယ်အချိုးအစားကျကျနန၊ အဝတ်အစား ဝတ်ထားတာက စမတ်ကျကျ။

ထင်အောင် မပြောပြပါဘဲ ကျွန်တော်က အတပ်ပြောနိုင်လိုက်သည်၊ ဒါ... မြလေးငယ်ပဲပေါ့...။

ရယ်စရာ ကောင်းတာကတော့ ထိုခဏ၌ ကျွန်တော့် ရင်ခုန်သံများက လေ့ကားထစ်ကို အပြေးအလွှား တက်ထားရသည့် လူတစ်ယောက်လို ဖြစ်သွားရခြင်းပင် ဖြစ်သည်။

"ဝဏ္ဏ စောစောက ဆိုင်ထဲဝင်လာတာ"

ထင်အောင့်စကားကို ဆုံးအောင် နားမထောင်ဘဲ ကျွန်တော်က ကြားဖြတ်ဝင်တွယ်ပစ်လိုက် သည်။

"မြလေးငယ်လေ ငါသိသားပဲ"

"ဟာ... မင်း ဘယ်တုန်းက သိထားတာလဲ"

"ခုလေးတင်ပဲလေ"

ထင်အောင်က ကျွန်တော့်ကို မျက်လုံးပြူးကြီးများနှင့် ကြည့်နေဆဲမှာပင် ဆူညံသံ စာရင်းထဲကို ထည့်မည်ဆိုလျှင် ထည့်လို့ရသည့် အသံတစ်သံ ကျွန်တော့်နားထဲသို့ ကြမ်းရှစွာ ဝင်လာသည်။

"အဲ... ဆရာ အခုမှ ထမင်းစားတယ်လား... ဒီနေ့ အရမ်းနောက်ကျတယ်"

ပြောလျှင် ယုံချင်မှယုံလိမ့်မည်။ မြလေးငယ်၏ ခပ်စွာစွာ ခပ်စူးစူး ခပ်ကျယ်ကျယ် (ပြောရတာတော့ အားနာပါသည်) အသံကြောင့် ကျွန်တော် ရင်ခုန်သံများက ခိုးလိုးခုလုနှင့် ငြိမ်သက်လုတဲတဲ ဖြစ်သွားရသည် (ဒါပေမဲ့ ကျွန်တော့်ရှေ့သို့ မြလေးငယ် ရောက်လာသည့် အချိန်၌ အသံဆိုးဆိုးကို မေ့လျော့ပြီး ကျွန်တော် ရင်ပြန်ခုန်ခဲ့ပါသည်။)

"ဟုတ်တယ်ဗျာ... ကျွန်တော့် သူငယ်ချင်းကို လေဆိပ်စီမံကိန်းကနေ သွားစောင့်ခေါ်ရလို့ နောက်ကျသွားတာ"

"လေဆိပ်စီမံကိန်းကို အသစ်ရောက်လာတဲ့ အင်ဂျင်နီယာလား..."

ဘာကြောင့်မှန်းတော့မသိ ထိုစပ်စုမှုကို နည်းနည်းရိုင်းတယ်ဟု ကျွန်တော်က ထင်မိသည်၊ (ဒါ သူမ၏ အသံကြောင့်လည်း ဖြစ်နိုင်သည်။)

"ဟုတ်တယ် ရောက်တာ သုံးရက်ပဲ ရှိသေးတယ် သူ့နာမည်က ကောင်းဝဏ္ဏတဲ့ "ဝဏ္ဏ... ဒါမြလေးငယ်ပေ့ါ"

"ဆရာကရော ဘယ်မှာ နေသလဲဟင်"

ကျွန်တော့်ကို တည့်တည့်ကြည့်ပြီး မေးသည့်အတွက် နည်းနည်းတော့ အူကြောင်ကြောင် ဖြစ်သွားရသည်။

ဘာမှ ပြန်မဖြေနိုင်ဘဲ ဖြစ်နေတော့ မြလေးငယ်က ရယ်သည်။ အမှန်အတိုင်း ပြောရလျှင် သူမရယ်မောသံကိုလည်း ကျွန်တော် သဘောမကျလှပါ၊ လှပချောမောသည့် အရွယ်ငယ်ငယ် မိန်းကလေး တစ်ယာက်အတွက် သူမ၏ရယ်သံက ကျယ်လောင် စူးရှလွန်းနေသည်။

"ကျွန်မ ဆရာ့ကို မေးနေတာလေ... ဘယ်မှာနေလဲ မြို့ထဲမှာလား ဒါမှမဟုတ် လေဆိပ်စီမံကိန်းမှာလား"

"ဟာ... ကျွန်တော့်ကို ဆရာလို့ မခေါ်ပါနဲ့ဗျာ... ကျောင်းဆရာလဲ မဟုတ်၊ ဆေးဆရာလဲ မဟုတ်၊ ဘာမဟုတ်ညာမဟုတ်နဲ့ ဆရာအခေါ်ခံရတာ လိပ်ပြာငယ်ချင်စရာကြီး၊ ကျွန်တော် လေဆိပ်စီမံကိန်းမှာ နေပါတယ်"

မြလေးငယ်က ထပ်ရယ်သည်။

"ဒါဆို အစားအသောက်လဲ ဒုက္ခရောက်မှာပဲနော်၊ ဦးကောင်းဝဏ္ဏ စားချင်တာရှိရင် ပြောပါ၊ ကျွန်မ လုပ်ခိုင်းပေးပါ့မယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲဗျာ"

စားပွဲအောက်မှ ကျွန်တော့် ခြေထောက်ကို ထင်အောင်က သူ့ခြေထောက်

နှင့် လာကုတ်သည်၊ ထင်အောင်မျက်နှာက ပြုံးဖြီးဖြီး ကျွန်တော်က မြလေးငယ်ကို အားနာမိသည်။

"ကဲ… စားနော် လိုတာရှိရင် ပြောပါ"

ကျွန်တော်တို့စားပွဲမှ မြလေးငယ် လှည့်ထွက်သွားသည်။

ဆံပင်ရှည်ရှည်များနှင့် မျက်စိပသာဒရှိလှသည့် သူမ၏ နောက်ပိုင်းအလှကို ငေးကြည့်မိဆဲ၊ ကျွန်တော်က သူမ၏ စကားပြောသံနှင့် ရယ်မောသံစူးစူးများကို မေ့လျော့သွားမိတော့သည်။

"ဘယ့်နှယ်လဲ ကိုယ့်လူ အတော်ကလေးမှ ရင်ခုန်သွားရဲ့လား"

ထင်အောင်က တိုးတိုးကပ်မေးပေမဲ့ ကျွန်တော်ကတော့ မြလေးငယ်ကြားသွားမှာ စိုးရိမ်နေမိသည်။

"မင်းကလဲကွာ ဆိုင်အပြင်ကိုရောက်မှ ပြောတာမဟုတ်ဘူး မတော်တဆကြားသွားရင် ကောင်းမလား"

"အစိုးရိမ်တွေ ပိုနေစမ်းပါနဲ့ကွာ၊ ငါပြောဘာကို မြလေးငယ်က ကြားရအောင် ငါက စပီကာတပ်ပြီး အော်နေလို့လား"

ကျွန်တော်က ဘာမှထပ်မပြောတော့ဘဲ ထမင်းကိုသာ အာရုံစိုက် စားနေလိုက်သည်။ အုန်းနို့နံ့နှင့် အမွှေးနံ့တစ်ခု ရနေသည့် ဟင်းများ၊ အချိုအရသာနှင့် အစပ်အရသာ လွန်ကဲနေသော ဟင်းများက ကျွန်တော့်လျှာကို မဖမ်းစားနိုင်ပါ၊ ဒါပေမဲ့ မြလေးငယ်ဆိုသော ဆိုင်ရှင် ကောင်မလေးကတော့ ကျွန်တော့်ကို အတိုင်းအတာ တစ်ခုထိ ရောက်အောင် ဖမ်းစား လိုက်နိုင်တာတော့ သေချာသည်။ အစပ်ကြောက်သည့် ကျွန်တော်က ကြက်ခြေထောက်ဖြူဖြူဖွေးဖွေး ပူပူကြီးများကို သုပ်ထားသည့် အသုပ်တစ်မျိုးတည်းနှင့်သာ ထမင်းစားနေရဆဲ ကျွန်တော်တို့ ထမင်းဝိုင်းသို့ ကြက်ဥခေါက်ဆွဲကြော်

တစ်ပန်းကန်နှင့် မြလေးငယ်က ပြန်ရောက်လာသည်။

"ဦးကောင်းဝဏ္ဏ အစပ်စားနိုင်ပုံ မပေါ်လို့" တဲ့။

စကား တိုးတိုးကလေးကိုသာ ပြောသွားပေမဲ့ ကျွန်တော်ကတော့ အတော်ကို ရင်ခုန်သွားရသည်၊ မြလေးငယ် လာချပေးသွားသည့် ကြက်ဥကြော်ပူပူနွေးနွေးက ကျွန်တော့်တစ်သက်တွင် အရသာအရှိဆုံး အစားအစာ ဖြစ်သွားသည်။

ဒီကြက်ဥကြော်ကို ချပေးနိုင်ဖို့အတွက် အနည်းဆုံး ကျွန်တော် ထမင်းစားနေတာကို မြလေးငယ် ထိုင်ကြည့်နေရပါလိမ့်မည်။

ကဲ... ဘယ်လောက်ရင်ခုန် ကျေနပ်ချင်စရာ ကောင်းထားသလဲ။

ဒါပေမဲ့ ကျွန်တော် ရင်ခုန်မှုကို ထင်အောင်က ကြာကြာ မရှုစိမ့်နိုင်ပါ။

"ဟေ့ကောင် ... ဘဝင်လေဟပ် ပီတိတွေဖြာ ရင်တွေခုန်ပြီး ကြက်ဥကြော်ပန်းကန်ကြီးကိုပါ မစားပစ်လိုက်နဲ့ဦး ဝဏ္ဏ ငါဒီဆိုင်ကို စရောက်တဲ့နေ့က များ မင်းလို ကြက်ဥကြော် မဟုတ်ဘူး အသည်းနှလုံးတွေပါ အခုလို လက်ဆောင် လာကျွေးသွားတာ"

ပြောပြီး ထင်အောင်က ရယ်သည်။

နားထောင်နေရသည့် ကျွန်တော်ကတော့ မရယ်နိုင်ကဲ ရင်မှာစပ်ဖျဉ်းဖျဉ်း၊ အဲဒီကတည်းက ကျွန်တော်တစ်ခုခု ဖြစ်နေပြီဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ် သတိပြုမိသင့်ပါသည်။

သို့သော် ကျွန်တော် သတိမပြုမိခဲ့လောက်အောင် ပေါ့တီးပေါ့ဆ နိုင်ခဲ့ပါသည်။

***